BURMESE




DeKalb County
School District

# ပါးစပ်နှင့်နှာခေါင်းစည်း မျက်နှာဖုံး ဝတ်ဆင်ခြင်းဆိုင်ရာ ကျင့်ဝတ် နောက်ဆုံးမွမ်းမံပြင်ဆင်ချက်များ

*(ဇူလိုင် 12 ရက်၊ 2021 အရ)*

DeKalb ကောင်တီကျောင်းခရိုင် (DCSD) အနေနှင့် ကျောင်းသားများနှင့် ဝန်ထမ်းများတို့အတွက် အန္တရာယ်ကင်းလုံခြုံမှုရှိသော သင်ယူလေ့လာမှုပတ်ဝန်းကျင်ကို ထောက်ပံ့ပေးသွားရန် ကတိကဝတ်ပြုထားပါသည်။ ကျောင်းသားများအား ကျွန်ုပ် တို့၏ အဆောက်အဦးများသို့ ပြန်လည်ခေါ်ဆောင် လာရန် DCSD မှ စိတ်အားထက်သန်လှုပ်ရှားနေပြီး ကျောင်းသားများ၏ လိုအပ်မှုများကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ထားသည့် ကျွန်ုပ်တို့၏ တန်းတူရည်တူရှိသော ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများဖြင့် ဆက်လက် ပံ့ပိုးသွားမည်ဖြစ်ပါသည်။

ခရိုင်အနေနှင့် ကာကွယ်ဆေးမထိုးထားသူများအကြားတွင်မှ Delta Variant ၏ ကူးစက်ပျံ့ နှံ့မှုနှုန်း မကြာသေးခင်လတ်တလော တိုးပွားလာမှုအပါအဝင် အစီရင်ခံတင်ပြထားသော အမှုများအား ဆက်လက် စောင့်ကြပ်ကြည့်ရှု လေ့လာသွားမည် ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ တင်ပြချက်အရ Delta Variant သည် ယခုအခါ၌ အဓိက ကြီးစိုးလျက်ရှိသော ကိုရိုနာဗိုင်းရပ်စ် Coronavirius Variant တစ်မျိုး ဖြစ်သည်။

အောက်ဖော်ပြပါ မွမ်းမံပြင်ဆင်ထားသော သတင်းအချက်အလက်များသည် ကျွန်ုပ်တို့ အဆောက်အဦးများအတွင်း COVID-19 ကူးစက်ပျံ့ နှံ့မှုနှုန်းကို ကူညီလျော့ချပေးရန် ထောက်ခံချက်များဖြင့် စတင်ထားသည်ဖြစ်ရာ စာသင်ကျောင်း၊ ရုံးခန်းနှင့် ဝန်ဆောင်မှုဌာနများသို့ အန္တရာယ်ကင်းစွာ ပြန်လည်တက်ရောက်နိုင်စေရန် ကူညီလမ်းညွှန်ပေးမည် ဖြစ်သည်။

Center for Disease Control (ရောဂါထိန်းချုပ်ရေးစင်တာ၊ CDC) မှ 7/9/21 ရက်စွဲအရ နောက်ဆုံးလမ်းညွှန်အကြံပြုထောက်ခံထားသည်မှာ စာသင်ကျောင်းများအနေနှင့် 2021-2022 ကျောင်းပညာသင်နှစ်တစ်လျှောက်တွင် လက်ရှိသတ်မှတ်ထားသော COVID-19 ကာကွယ်ရေး နည်းဗျူဟာများကို ဆက်လက်အသုံးပြုသွားရန် ဖြစ်သည်။

အဓိကကျသော CDC မှ လုံခြုံသော လူကိုယ်တိုင်ကိုယ်ကျဖြင့် သင်ကြားပို့ချမှု ဖြစ်ရန်အတွက်နှင့် ကောင်းများထဲတွင် COVID-19 ကူးစက်မှုအား ကူညီတားဆီးရန် မုချလိုအပ်သည့် နည်းဗျူဟာများအပြင် အောက်ပါတို့ကိုပါ ပြုလုပ်ရန် ကြံပြုတိုက်တွန်း ထားပါသည် -

1. ပါးစပ်နှင့်နှာခေါင်းစည်း မျက်နှာဖုံးအား ကမ္ဘာလုံးဆိုင်ရာ မှန်ကန်စွာ အသုံးပြုခြင်း။
2. ရုပ်ပိုင်းဆိုင်ရာ အလှမ်းဝေးကွာခြားနေခြင်းအား တတ်နိုင်သမျှ အများဆုံး ပြုလုပ်ခြင်း။
3. လက်ဆေးခြင်း နှင့် အသက်ရှူစနစ် ကျင့်ဝတ်ထုံးတမ်းများ။
4. သန့်ရှင်းပြီး ကျန်းမာသော အဆောက်အအုံများဖြင့် ထိန်းသိမ်းထားရှိခြင်း။
5. သီးခြားခွဲနေခြင်း နှင့် ရောဂါအခြေချုပ်စောင့်ကြည့်ခြင်း နှစ်မျိုးစလုံးတွင် ခြေရာခံ ဆက်သွယ်မှုပြုခြင်း။
6. အထူးသဖြင့် အကယ်၍ သင်သည် ဖျားနာနေသူတစ်ဦးဦး၏ အနီးအနားတွင် ရှိနေခဲ့ဖူးလျှင် COVID-19 ရောဂါလက္ခဏာများအား လေ့လာစောင့်ကြည့်မှုပြုခြင်း။ အကယ်၍ သင် COVID-19 လက္ခဏာများဖြစ်ပါက သင် စစ်ဆေးမှုပြုလုပ်သင့်သည်၊ အိမ်၌ နေထိုင်သင့်ပြီး အခြားသူများမှ ဝေးဝေးနေသင့်သည်။
7. ကာကွယ်ဆေးထိုးပါ။

DeKalb ကောင်တီကျောင်းခရိုင်အနေနှင့် အောက်ပါတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည် -

- **ကျောင်းသားများအားလုံးသည် ကျောင်းဘတ်စကားစီးသည့်အခါ နှာခေါင်းစည်း တပ်ဆင်သင့်ပါသည်။** ဤသတ်မှတ်တောင်းဆိုချက်သည် ပြည်သူ့သယ်ယူပို့ဆောင်ရေး အသုံးပြုသည့် အခါတွင် လူတိုင်း နှာခေါင်းစည်းတပ်ဆင်သင့်ကြောင်းဆိုသည့် CDC ၏ အကြံ ပြုချက်များနှင့်အညီဖြစ်သည်။
- မူလတန်းအသက်အရွယ် ကျောင်းသားများအနေနှင့် အထူးသဖြင့် ၎င်းတို့ အသက်အပိုင်းအခြားအတွက် ကာကွယ်ဆေးများ မရရှိနိုင်သည်ဖြစ်ရာ**ပါးစပ်နှင့်နှာခေါင်းစည်း မျက်နှာဖုံးများအား တပ်ဆင်ထားရန် လိုအပ်ပါသည်** ။ ကျောင်းသားများ မိမိတို့၏ ပါးစပ်နှင့်နှာခေါင်းစည်း မျက်နှာဖုံးများကို ဝတ်ဆင်ရန် ခက်ခဲသည့်နေရာများဖြစ်သော ကျောင်းစားသောက်ဆိုင်များနှင့် အခြားသော ဧရိယာများတို့တွင်မူ စာသင်ကျောင်းများအနေနှင့် အကောင်းဆုံးသော အလေ့အကျင့်များကို ချမှတ်အသုံးပြုသွားပါမည်။

- အလယ်တန်းနှင့် အထက်တန်း ကျောင်းသားများသာမက ဝန်ထမ်းများသည်လည်းပါးစပ်နှင့်နှာခေါင်းစည်း မျက်နှာဖုံးများကို **ဝတ်ဆင်ရန် လိုအပ်ပါသည်** ။ CDC လမ်းညွှန်ချက်အရ အပြည့်အဝ ကာကွယ်ဆေးထိုးထားပြီးဖြစ်သည့် ဝန်ထမ်းများနှင့် (အသက် 12 နှစ်နှင့်အထက်) ကျောင်းသားများအနေနှင့်မူ ပါးစပ်နှင့်နှာခေါင်းစည်း မျက်နှာဖုံးများအား ဝတ်ဆင်ဆင်၊ မဝတ်ဆင်ဆင် မိမိတို့စိတ်ကြိုက် ရွေးချယ်ပိုင်ခွင့်ရှိသော်ငြား အထူးသတိပြုသည့်အနေနှင့်ဗှာ အဆောက်အဦးများအားလုံးတွင် ပါးစပ်နှင့်နှာခေါင်းစည်း မျက်နှာဖုံးများအား ဝတ်ဆင်ရမည် ဖြစ်သည်။ ခရိုင်အနေနှင့် ကာကွယ်ဆေးထိုးထားသည့် ကျောင်းသားများနှင့် ဝန်ထမ်းများအား ဖော်ထုတ်သတ်မှတ်ရန်အတွက် ထိရောက်မှုရှိသည့် နည်းလမ်းများကို ပြန်လည်သုံးသပ်စစ်ဆေးသွားမည်ဖြစ်ပြီး၊ ပါးစပ်နှင့်နှာခေါင်းစည်း မျက်နှာဖုံးအား မိမိစိတ်ကြိုက် ရွေးချယ်ဝတ်ဆင်ပိုင်ခွင့်ကို ပြန်လည်သုံးသပ်စစ်ဆေးသွားမည် ဖြစ်သည်။ **မိဘများအနေနှင့် မိမိတို့ မိသားစုအတွက် အကောင်းဆုံး ကာကွယ်ဆေး ရွေးချယ်စရာများအား ရရှိနိုင်ရန်အတွက်ဗှာ မိမိတို့၏ ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့သူဖြင့် တိုင်ပင်ဆွေးနွေးဖို့ရန် ခိုင်မာစွာ တိုက်တွန်းအကြံပြုအပ်ပါသည်။**
- COVID-19 လက္ခဏာဖြစ်သည့် ဝန်ထမ်းများ သို့မဟုတ် ကျောင်းသားများသည် နေအိမ်တွင်သာ နေသင့်ပြီး အခြားသူများမှ ဝေးဝေးနေသင့်ပါသည်၊ ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးသူထံမှ စောင့်ရှောက်မှုကို ရယူသင့်ပါသည်။
- အဆောက်အဦးအတွင်း ဆောင်ရွက်ရသော လှုပ်ရှားဆောင်ရွက်မှုများနှင့်ပတ်သက်သည့် After School Extended Day Programs (ကျောင်းချိန်ပြီးနောက်ပိုင်း အချိန်ပို အစီအစဉ်များ၊ ASEDP) အတွက် ပါးစပ်နှင့်နှာခေါင်းစည်း မျက်နှာဖုံးများအား **ဝတ်ဆင်ရန် လိုအပ်ပါသည်** ။ အဆောက်အဦးပြင်ပတွင် ဆောင်ရွက်သော လှုပ်ရှားဆောင်ရွက်မှုများအတွက်မူ ပါးစပ်နှင့်နှာခေါင်းစည်း မျက်နှာဖုံးများအား ဝတ်ဆင်မည်၊ မဝတ်ဆင်မည် **ရွေးချယ်ပိုင်ခွင့်ရှိသည်** ။
- အားကစားလှုပ်ရှားဆောင်ရွက်မှုများအတွက် ပါးစပ်နှင့်နှာခေါင်းစည်း မျက်နှာဖုံးများအား ဝတ်ဆင်မည်၊ မဝတ်ဆင်မည် **ရွေးချယ်ပိုင်ခွင့်ရှိသည်** ။ လော်ကာခန်းများ နှင့် အလေးမ အခန်းများတို့တွင် ပါးစပ်နှင့်နှာခေါင်းစည်း မျက်နှာဖုံးများအား **ဝတ်ဆင်ရန် လိုအပ်ပါသည်** ။ အားကစားအဖွဲ့များအနေနှင့် အားကစားအစီအစဉ်များတွင် လုံခြုံရေးအတွက်ဗှာ Georgia High School Association အထက်တန်းကျောင်းအဖွဲ့အစည်းမှ ထုတ်ပြန်ထားသော လုပ်နည်းကျင့်ဝတ်များ အားလုံးကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- အဆောက်အဦးအတွင်း၌ တွေ့ဆုံသော ကလပ်များ အားလုံးတွင် ပါးစပ်နှင့်နှာခေါင်းစည်း မျက်နှာဖုံးများအား **ဝတ်ဆင်ရန် လိုအပ်ပါသည်** ။ အဆောက်အဦးပြင်ပတွင် ဆောင်ရွက်သော လှုပ်ရှားဆောင်ရွက်မှုများအတွက်မူ ပါးစပ်နှင့်နှာခေါင်းစည်း မျက်နှာဖုံးများအား ဝတ်ဆင်မည်၊ မဝတ်ဆင်မည် **ရွေးချယ်ပိုင်ခွင့်ရှိသည်** ။
- ဝန်ထမ်းများသည် COVID-19 ဖြစ်သည့်အခါ/ကူးစက်မှုဖြစ်သည့်အခါ COVID-19 ဆိုင်ရာ ခရိုင်၏ ကျင့်ထုံးကို ဆက်လက် အသုံးပြုသွားမည်ဖြစ်ပါသည်။

စာသင်ကျောင်းများနှင့် ခရိုင် အဆောက်အဦးများတို့သည် အားလုံးသော ကာကွယ်လျှော့ချရေး နည်းဗျူဟာများကို ဆက်လက် ကျင့်သုံးလိုက်နာသွားမည် ဖြစ်သည်။ ခရိုင်အနေနှင့် အားလုံးသော ဝန်ထမ်းများနှင့် ကျောင်းသားများအား ပါးစပ်နှင့်နှာခေါင်းစည်း မျက်နှာဖုံးများကို ဝတ်ဆင်စေခြင်းအပါအဝင် ၎င်းသတ်မှတ်ထားသော စည်းမျဉ်းကျင့်ဝတ်များကို မွမ်းမံပြင်ဆင်နိုင်ခွင့်ရှိပြီး၊ တစ်ဖက်တွင်လည်း ကောင်တီနှင့် ခရိုင်အတွင်းရှိ အမှုများအား ဆက်လက် လေ့လာစောင့်ကြည့်သွားမည် ဖြစ်သည်။

ခရိုင်အနေနှင့် လက်ရှိ သုတေသနလေ့လာမှု၊ ဆေးဘက်ဆိုင်ရာ အကြံပေးဆွေးနွေးမှု နှင့် အမှုများ တိုးမြင့်လာသည့်အခြေအနေ အစရှိသည်တို့အပေါ်တွင်အခြေခံကာ ကာကွယ်ဆေးဆိုင်ရာ တောင်းဆိုမှုများ၊ သတ်မှတ်စောင့်ကြည့်၍ ဆေးစစ်ခြင်းများ သို့မဟုတ် အစုလိုက် ဆေးစစ်ခြင်းများ အစရှိသည်တို့ကို ဖြေရှင်းဆောင်ရွက်ရန်အတွက် ရပ်ရွာအဖွဲ့အစည်း လက်တွဲဖော်ပါတနာများဖြင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

DeKalb County
School District

